# တရုတ်ပြည် ကွေ့ဖိုး ၁၂ ရက် ခရီးစဉ် -002

April 18 ကြာသပတေးနေ့ဖြစ်ပါတယ်။ ၆နာရီ wake-up call, ၇ နာရီ မနက်စာစား၊ ၇ နာရီ ၄၅ မိနစ် သေတ္တာတွေချပြီး ၈ နာရီမှာ ခရီးဆက်ကြမှာပါ။ ၉ နာရီ ၁၅ မိနစ်လောက်မှာ ရှေးဦးစွာ ဂိတ်ကနေ လက်မှတ်ဝယ်ပြီး ၁၀ မိနစ်လောက် လျှောက်လိုက်တော့ စောက်ဆင်ခြေ လျှောရေကန် ရေတံခွန် ဖြစ်တဲ့ Dolupotang Waterfall ကို စတွေ့ရပါတယ်။ Dolupotang Waterfall ဟာအကြီးစာ ရေတံခွန်တခုမဟုတ်ပေမဲ့ ဝမ့်ကိုစု (HuangguoShu) ရေတံခွန်အုပ်စုထဲမှာ အကျယ်ဆုံး ရေတံခွန် ဖြစ်ပြီး အလွန်လှပတဲ့ ရေတံခွန်တခုဆိုတာကိုတော့ ငြင်းစရာ မရှိပါ။ ကျနော်တို့ ဟာရေတံခွန်ရှေ့မှာ တယောက်ထဲ တပုံ နှစ်ယောက်တွဲ တပုံ အဖွဲ့လိုက်တပုံ ဓါတ်ပုံတွေ ရိုက်ပြီးတော့ ဘတ်(စ်)ကားဂိတ်ရှိရာဘက်ကို ပြန်ခဲ့ကြတာ အသွားအပြန် တစ်နာရီ လောက် လျှောက်ရပါတယ်။ နောက် ဘတ်(စ်)ကား ဂိတ်ကနေ နောက်ထပ် မိနစ် ၂၀ လောက် စီးပြီးတော့ ထန်ဆင်ချောင် (Tianxing Bridge) ကိုရောက်ပါတယ်။ ဒီနေရာဟာ ဝမ်းကိုစု ရေတံခွန်ရဲ့အောက်ပိုင်း ၄ မိုင်အကွာမှာရှိပါတယ်။ ရေတံခွန်လေးတွေ ရေကန်လေးတွေ ကျောက်ပြားတွေနဲ့ သဘာဝ အလှျောက် တံတားခင်းထားသလိုဖြစ်နေတဲ့ သာယာလှပတဲ့ နေရာလေးတခုပါပဲ။ နေရာတခုလုံးကို လျှောက်ရင် (၄) နာရီလောက် အချိန်ယူရမှာပါ။ များပြားလှတဲ့ ပြည်တွင်းခရီးသွားတွေကြောင့် သာယာလှပတဲ့ အရာတွေကို အပြည့်အဝမခံစားလိုက်ရပါ။ စုစုပေါင်း (၂၃) နေရာရှိပေမဲ့ ကျနော်တို့ကတော့ ကားရပ်ထွက်ပေါက် (၃) ခုအနက် ပထမဆုံးကားရပ်ထွက်ပေါက်ဖြစ်တဲ့ 13- High Lao Zhuang ကနေဖြတ် ပြန်တဲ့ အတွက် တနာရီခွဲ လောက်ပဲ လျှောက်ခဲ့ရပါတယ်။ နေ့လည်စာကိုတော့ ဝမ်းကိုစုဟော်တယ်မှာ စားဖြစ်ပါတယ်။ နေ့လည်စာ စားပြီးနောက် အဝါရောင်သစ်သီးပင်လို့ အဓိပ္ပါယ်ရတဲ့ ဝမ်းကိုစု ရေတံခွန်ကို သွားပါတယ်။ ၂၄၃ ပေမြင့်ပြီး ၂၆၆ ပေ ကျယ်တဲ့ တရုတ်ပြည်ရဲ့အကြီးဆုံး ရေတံခွန် တခုဖြစ်တယ်။ ဒီဝမ်းကိုစု ရေတံခွန် အထက် အောက် ၁၂ မိုင် တလျှောက်မှာ ရေတံခွန်ပေါင်း ပုံစံ အမျိုးမျိုးနဲ့ ၁၈ ခုရှိတယ်။ ၁၉၉၉ ခုနှစ်က ဂင်းနစ် ဌာနချုပ်က ကမ္ဘာပေါ်မှာ အကြီးဆုံးရေတံခွန်အုပ်စု အဖြစ်သတ်မှတ်ခံခဲ့ရတယ်။ ဝမ်းကိုစု ရေတံခွန်ကို ဂိတ်ကစဝင်တာနဲ့ အကြီးစာ Bonsai သစ်ပင်တွေကို ကြည့်ပြီး စက်လှေခါးနဲ့ဆင်း နောက် ၄၅ မိနစ်သာသာလောက်ထပ်လျှောက်ရင် ဝမ်းကိုစု ရေတံခွန်ကို ရောက်ပါတယ်။ စက်ဓါတ်လှေခါးမစီးပဲ တောင်ဆင်းလမ်းအတိုင်း ဆင်းရင် မိနစ် ၂၀ လောက်ကြာ မှာပါ။ အသွားအပြန် တစ်နာရီခွဲ ကနေ နှစ်နာရီလောက်အချိန်ယူ ပါတယ်။ ဝမ်းကိုစုကနေအပြန်မှာ တိုင်းရင်းသား တမျိုးနေတဲ့ ရွာကို ဝင်ဖြစ်တယ်။ ရောက်တဲ့အချိန်နောက်ကျလို့ ပိတ်ပြီဖြစ်လို့ မတွေ့ခဲ့ကြရပါ။ နောက် ရှင်းရိ ဘဲသား ညစာ စားကြပြီး Argyle hotel xingyi မှာ တညတာ အနားယူကြပါတယ်။

April 19 သောကြာနေ့၊ ထုံးစံအတိုင်း မနက် ၆နာရီ ခွဲ wake-up Call မနက်စာ ၇ နာရီ ၇ နာရီ ၄၅ မိနစ် သေတ္တာချ၊ ၈ နာရီ ခွဲ စထွက်ဖြစ်ပါတယ်။ ကျနော်တို့ tour guide Nicolas ကသက်တောင့်သက်သာဖြစ်အောင် ခရီးစဉ်ကို အနီးငယ်ပြောင်းပါတယ်။ April 20 ရက်မှသွားမဲ့ ဝမ့်ဖုံးလင်းကို ဒီနေ့မနက်ပိုင်း အရင်သွားဘို့စီစဉ်လိုက်တယ်။ ဝမ့်ဖုံးလင်းဟာမကြီးမငယ် တောင်ချွန်ချွန် လေးတွေစုပုံထားသလို ဖြစ်နေတာကိုတွေ့ရမှာပါ။ တောင်ချွန်ချွန်တွေ ကို သစ်ပင်စိမ်းတွေနဲ့ရံ ထားတယ်။ မြစ်တွေက ကျောက်စိမ်းရောင်ဖြစ်နေတယ်။ လယ်ကွင်းတွေနဲ့ မျက်စိတဆုံး ရှုမငြီးတဲ့ သာယာလှပတဲ့ ပန်းချီကားတချပ်လိုလှပေတယ်။ နွေဦးပေါက်မှာ ပန်းတွေပွင့်ပြီး နွေရာသီကျတော့ ဂျုံလိုင်းတံပိုးပင်တွေ၊ ဆောင်းဦး ပေါက်မှာ ဆန်မှွေးထွက်ပြီး ဆောင်းတွင်းကြတော့ ဝါးရွက်အစိမ်းရောင် တွေနဲ့မို့ လောက နတ်ဘုံ နတ်နန်း သဖွယ်သာယာ လှတဲ့ နေရာတခုဖြစ်တယ်။ အမြင်ဆန်းတဲ့ သဘာဝ အလှကို ပန်းချီကားတချပ်ကြည့်နေရသလို ခံစားနေရပါတယ်။ ဂိတ်ဝကနေ သူတို့ရဲ့ လျှပ်စစ်ကားနဲ့ ရှုခင်းသာနေရာတွေ မှာဓါတ်ပုံရိုက် ခံစားနိုင်အောင် ရပ်ပေးပါတယ်။ ကားရပ်နားတဲ့နေရာတချို့မှာ ဓါတ်ပုံဆရာတွေက ဓါတ်ပုံအခမဲ့ရိုက်ပေးပြီး သော့တွဲထဲထည့်ပေးနေကြောင်း ကြေငြာပြောနေပါတယ်။ ဝန်ဆောင်မှုကောင်းလှတ ယ် လို့တော့ အထင်မစောလိုက်ပါနဲ့ ဓါတ်ပုံပါတဲ့ သော့တွဲတော့ပေးပါတယ် ဒါပေမဲ့ ကိုယ်ပုံကို ဘောင်တွေနဲ့ ကျကျနန ကူးထားပြီး တပုံကို တရုတ်ငွေ ၂၀ နဲ့ရောင်းပါတယ်။ များသောအဖြင့်တော့ ဝယ်ကြတာများပါတယ်။ နောက် အဆုံးမှာ သစ်သီး၊ ဟင်းရွက် ရောင်းတဲ့ ဈေးတန်း ကိုဖြတ်ပြီး ပြန်ခဲ့ကြတယ်။ အစအဆုံး ၄နာရီခွဲလောက်ကြာတယ်။ ဝမ့်ဖုံးလင်းကနေ ၄၅ မိနစ်လောက်မောင်းတော့ ဝမ့်ဖုံးဟူ (ရေကန်) ကိုရောက်တယ်။ ဝမ့်ဖုံးဟူမှာရှိတဲ့ ထမင်းဆိုင်မှာနေ့လည်စာ စားကြတယ်။ ဆိုင်ကတောင်ပေါ်မှာမို့ လှေခါးထစ်၁၀၀ လောက်ထပ်တက်ရဘို့ရှိနေတယ်။ လှေခါးထစ်တွေမြင်တော့ဗိုက်ဆာတဲ့စိတ် တောင်ပျောက်သွားတယ်။ ရှေးဆက်ခရီးနှင်ဘို့ အင်အားဖြည့်ဘို့ အတွက်တဖြေးဖြေး အချင်းချင်း အားပေးပြီးတော့ တထစ်ခြင်းတက်ပြီးနေ့လည်စာစားကြပါတယ်။နေ့လည်စာ စားပြီးနောက် ရေကန်ထဲ သင်္ဘောစီးဘို့ တခါလှေကထစ် ၃၀၀ လောက်ရှိမယ်ထင်တယ် ထပ်ဆင်းကြရတယ်။ အမှတ်တရ တခုပါပဲ။ လှေကို ကန်ထဲမှာ အသွားအပြန် တစ်နာရီလောက်စီးလိုက်ရတယ်။ ရှင်းရိ စတိုင် ညစာစားပြီး ဟော်တယ်ပြန် အနားယူပါတယ်။